## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
## ဒီးမော့ဆိုမြို့နယ်

## လူထုဗဟိုပြုစီမံကိန်း
## National Community Driven Development Project (NCDDP)




# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
# Village Development Plan (VDP)

## စီစန်းခိုကျေးရွာ၊ မြလဲကျေးရွာအုပ်စု


## (၂၀၁၇ - ၂၀၁၈)

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | ဒီးမော့ဆိုမြို့နယ်မြေပုံ | ၁ | ၁ |
| ၂။ | ကျေးရွာအုပ်စုမြေပုံ | ၂ | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်းနှင့်လူဦးရေ | ၃ | ၃ |
| ၄။ | ကျေးရွာမြေပုံ(တည်နေရာ) | ၄ | ၄ |
| ၅။ | ကျေးရွာမြေပုံသုံးသပ်ချက် | ၅ | ၅ |
| ၆။ | ကျေးရွာသမိုင်းကြောင်းအကျဉ်းချုပ် | ၆ | ၆ |
| ၇။ | ကျေးရွာအတွင်းရှိ ဥစ္စာခနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၇ | ၇ |
| ၈။ | ကျေးရွားအတွင်းရှိ ဥစ္စာခနကြွယ်ဝမှုအဆင့်သတ်မှတ်သုံးသပ်ချက် | ၈ | ၈ |
| ၉။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်ခြင်း | ၉ | ၉ |
| ၁၀။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်သုံးသပ်ချက် | ၁၀ | ၁၀ |
| ၁၁။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်ခြင်း | ၁၁ | ၁၁ |
| ၁၂။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်သုံးသပ်ချက် | ၁၂ | ၁၂ |
| ၁၃။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်ခြင်း | ၁၃ | ၁၃ |
| ၁၄။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်သုံးသပ်ချက် | ၁၄ | ၁၄ |
| ၁၅။ | ကျေးရွာအတွင်းရှိ ကော်မတီဝင်များစာရင်း/ဓါတ်ပုံ | ၁၅ | ၁၆ |
| ၁၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၁၇ | ၁၈ |
| ၁၇။ | ကျေးရွာအချက်အလက်ပုံစံ(၁) | ၁၉ | ၂၁ |
| ၁၈။ | စီမံကိန်းစက်ဝန်း အချိန်ဇယား(ပုံစံ-၂) | ၂၂ | ၂၃ |
| ၁၉။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၂၄ | ၂၇ |
| ၂၀။ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ-၄) | ၂၈ | ၂၈ |
| ၂၁။ | ကျေးရွာအစည်းအဝေးမှတ်တမ်းများ | ၂၉ | ၃၀ |
| ၂၂။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၃၁ | ၃၂ |


DEMOSO TOWNSHIP MAP
စကေး ၁ လက်မ = ၂ မိုင်
ရှမ်းပြည်နယ်
လွိုင်ကော်မြို့နယ်
ဖရူဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
ဒီးမော့ဆိုမြို့
ကျေးရွာအုပ်စု
ကျေးရွာ
ကားလမ်း
မီးရထားလမ်း

# မြလဲကျေးရွာအုပ်စုမြေပုံ




နောက်
တောင်
မြောက်
ရှေ့
ကျေးရွာ
အုပ်စုကျေးရွာ
ရေထွက်ပေါက်
လမ်း
နန်းစံဖူးရေချောင်း
ဒါဘောနိရွာဟောင်း
ထီးဆိုတော်ရွာဟောင်း
စီစန်းနို
လော်နီဘော
လိုဘောနို
ဆိုလဖဲနို
မြလဲ
လျှိုင်နန်းဇ
ဝေးဂေနို
ထီးဆိုတော်လယ်ကုန်
နန်းစံဖူးရေထွက်ပေါက်
ဆီးမိဆူဝို
ဆီးမှကုန်
ဆီးမိဆိုဒါး

△ မြလဲ ကျေးရွာအုပ်စု

△ ၂၀၁၆-၁၇ ခုနှစ် အိမ်ခြေစာရင်းနှင့် လူဦးရေစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | လူဦးရေ | | | တာဝန် / ရာထူး ကျေးရွာအုပ်စုမှူး | လက်မှတ် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ခရိုလဖဲရို | ၃၀ | ၇၃ | ၇၅ | ၁၄၈ | ဦးဝင်းဘာ | |
| ၂ | လိုဟောရို | ၃၇ | ၈၆ | ၉၃ | ၁၇၉ | ဦးနံ့ရယ် | |
| ၃ | ပေါက်ချီသာ ✓ | ၂၇ | ၇၆ | ၇၅ | ၁၅၁ | ဦးစိုင်းဈာဦး | |
| ၄ | စီစိန်းရို ✓ | ၄၁ | ၁၁၅ | ၁၂၅ | ၂၄၀ | ဦးစောအယ်ဘူး | |
| ၅ | ဝါးသောချီရွာဟောင်း | ၃၃ | ၉၁ | ၇၅ | ၁၆၆ | ဦးရိုးဗေလူး | |
| ၆ | ယော:ဂဲရို ✓ | ၆၁ | ၁၆၀ | ၁၅၉ | ၃၁၉ | ဦးဘဝင်း | |
| ၇ | ထီးဆော်ဒေါ်ရွာဟောင်း | ၅ | ၁၀ | ၁၂ | ၂၂ | ဦးဒါနီဧးလာ | |
| ၈ | ထီးလယ်ကုန် | ၂၇ | ၆၈ | ၆၀ | ၁၂၈ | ဦးနဲဖေးမယာ | |
| ၉ | လွှိုင်နှိုးဖ | ၃၄ | ၉၂ | ၈၅ | ၁၇၇ | ဦးသာဖေး | |
| ၁၀ | မြလဲ | ၇၅ | ၁၀၁ | ၁၈၀ | ၂၈၁ | ဦးဟောတေလ | |
| ၁၁ | ခမီးပုကျိုး | ၃၁ | ၇၈ | ၈၃ | ၁၆၁ | ဦးအေဒဲ | |
| ၁၂ | ဆီးမိဆိုဒါး | ၅၁ | ၁၁၅ | ၁၁၆ | ၂၃၁ | ဦးပူးဒီ | |
| ၁၃ | ဆီးမိဆိုလား | ၂၂ | ၅၈ | ၅၄ | ၁၁၂ | ဦးမီးလာ | |
| | | ၄၇၄ | ၁၂၂၃ | ၁၁၉၂ | ၂၄၁၅ | | |

## စီစန်းခိုကျေးရွာ မြေပုံ



## စီစန်းခိုကျေးရွာ၊ မြလဲအုပ်စု

ရက်စွဲ - ၂၆ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ခုနှစ်

### ကျေးရွာမြေပုံသုံးသပ်ချက်

စီစန်းခိုကျေးရွာသည် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ မြလဲအုပ်စုတွင် ကျေးရွာ (၁၃)ရွာရှိသည့် အနက် (၁)ရွာ အပါအဝင်ဖြစ်ပါသည်။ အုပ်စုကျေးရွာမှ (၃)မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့တောင်ဘက်တွင် လော်ခိုသာကျေးရွာရှိပြီး အရှေ့မြောက်ဘက်တွင် တေးဂေခိုကျေးရွာ ရှိပါသည်။ အရှေ့တောင်ဘက်တွင် ယာကွက်နှင့် တောင်တန်းများ တည်ရှိပါသည်။ အိမ်ခြေ(၄၁)အိမ်ရှိပြီး လူဦးရေမှာ အမျိုးသား(၁၁၅)ဦး၊ အမျိုးသမီး(၁၂၅)ဦး၊ စုစုပေါင်း(၂၄၀)ဦး ရှိပါသည်။ အမျိုးသမီးအိမ်ထောင်ဦးစီး မှာ(၃)အိမ်နှင့် အမျိုးသားအိမ်ထောင်ဦးစီးမှာ(၃၈)အိမ် ရှိပါသည်။

ကျေးရွာတွင် ရွာချင်းဆက်လမ်း(၁)လမ်း၊ ရွာကြားလမ်း(၅)လမ်းရှိပါသည်။ ရွာချင်းဆက်လမ်းမှာ ကျောက်ချောလမ်းဖြစ်ပြီး ရွာကြားလမ်းမှာ မြေသားလမ်းများ ဖြစ်ကြသည်။ သောက်သုံးရေးမှာ ကျေးလက်နှင့် ACFအဖွဲ့အစည်းမှ တည်ဆောက်ထားပေးသော မိုးရေလှောင်ကန်များ ရှိသော်လည်း ရေလုံလောက်မှုမရှိပေ။ ကျေးရွာတွင် မူလတန်းကျောင်း(၁)ကျောင်း၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်း(၁)ကျောင်း၊ အားကစားကွင်း(၁) ကွင်း၊ ရေချောင်း(၁)ချောင်း၊ ရေကန်(၁)ကန်၊ မူကြိုကျောင်း(၁)ကျောင်း ရှိပါသည်။ မူကြိုကျောင်းမှာ သစ်သားနှင့် ပြုလုပ်ထားခြင်းကြောင့် ပျက်စီးနေပါသည်။ အသစ်ပြန်လည် တည်ဆောက်ရန် လိုအပ်ပါသည်။ ကျေးရွာတွင် ဆေးပေးခန်း မရှိသောကြောင့် ကျန်းမာရေးမကောင်းသည့်အချိန်တွင် ကျေးရွာနှင့် (၂)မိုင်ဝေး သော လွိုင်နန်းဖကျေးရွာဆေးခန်းသို့ သွားရောက်ကုသလျှက်ရှိပါသည်။

စီစန်းခိုကျေးရွာ၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းမှာ လယ်ယာနှင့် သီးနှံစိုက်ပျိုးခြင်းဖြစ်သည်။ လယ်ယာစိုက်ပျိုးခြင်းကို အိမ်တိုင်းလုပ်ကိုင်သော်လည်း အကုန်ကျစရိတ်များခြင်းကြောင့် အိမ်ထောင်စု အများစုမှာ တစ်နှစ်စာ ဝမ်းစာဖူလုံမှုအတွက် အက်အခဲ ရှိပါသည်။ လယ်ယာစိုက်ပျိုးလုပ်ကိုင်သူများသည် သီးနှံအတွက် မြေသြဇာမထည့်နိုင်ခြင်း၊ သဘာဝမြေဆီလွှာမကောင်းခြင်း၊ ပိုးကျခြင်းနှင့် ကျွဲ၊နွား ဝင်ရောက် ဖျက်ဆီးခြင်းစသည့် အခက်အခဲများကို ကြုံတွေ့နေပါသည်။ ကျေးရွာရှိ လက်လုပ်လက်စား လုပ်ကိုင်သူများမှာ အလုပ်အကိုင် နည်းပါးခြင်းကြောင့် အခြားကျေးရွာ၊ မြို့နှင့် နိုင်ငံများသို့ အလုပ်လုပ် ကိုင်လျှက် ရှိကြပါသည်။

ပါဝင်ဆွေးနွေးသူများ - ကျား(၁၅)ဦး၊ မ(၁၀)ဦး၊ စုစုပေါင်း(၂၅)ဦး။

## စီစန်းခိုကျေးရွာ၊ မြလဲအုပ်စု

ရက်စွဲ - ၂၆ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ခုနှစ်

**ကျေးရွာသမိုင်းကြောင်း**

လွန်ခဲ့သောနှစ်ပေါင်း(၁၆၀၀)ခန့်မှာ တိဗက်ပြည်မှ ဆင်းသက်လာသော လူမျိုးစု(၄)စုမှ အိမ်ထောင်စု (၄)စု ဖြစ်သည်။ မျိုးနွယ်စုတို့ ပူးပေါင်းပြီး ကျေးရွာ(၁)ရွာအနေဖြင့် တည်ထောင်ကာ နေထိုင်ခဲ့ကြသည်။ ၄င်းမျိုးနွယ်စု(၄)စု ၏ အမည်မှာ

(၁) လာပလန်မျိုးနွယ်စု

(၂) သောင်းမျိုးနွယ်စု

(၃) မဒိုမျိုးနွယ်စု

(၄) ပလောင်မျိုးနွယ်စု တို့ဖြစ်သည်။ ထိုအချန်တွင် ရွာအမည်မရှိခဲ့ပေ။

ကျေးရွာတွင်းရှိ ရွာသူ/သားများသည် မိုးခေါင်ရေရှားသောအချိန်နှင့် ကြုံတွေ့ခဲ့ပါသည်။ ရေရရှိရေး အတွက် အားလုံးက ရှာဖွေခဲ့ကြပါသည်။ ရေကိုရှာဖွေရင်း ကျောက်ကမ်းပါးမှ အနည်းငယ်စီးဆင်းလာသော ကျောက်စိမ့်ကျရေကို တွေ့ရှိပြီး သောက်သုံးရေအဖြစ် အသုံးပြုခဲ့ပါသည်။ ထိုကျောက်စိမ့်ကျရေကို သောက်သုံးရခြင်းအားဖြင့် ကျေးရွာအမည် ကို "စီစန်းခို" ဟု မှည့်ခေါ်ကြသောကြောင့် ယနေ့အထိ ဆက်လက်ခေါ်ဝေါ်ကြပါသည်။ စီစန်းခို၏ အဓိပ္ပါယ်မှာ ကယန်းဘာသာစကားဖြင့် "ကျောက်ကမ်းပါး၌ရရှိသော ကျောက်စိမ့်ရေ' ' ဟူ၍ဖြစ်သည်။

ကျေးရွာတွင် နှစ်ပေါင်းများစွာစုပေါင်းနေထိုင်ကြပြီး လူဦးရေမှာ များပြားလာပါသည်။ ထိုအချိန်တွင် ကျေးရွာ တွင် အပျိုစင်အမျိုးသမီးတစ်ဦး ရှိလေသည်။ ထိုအမျိုးသမီးသည် စိတ်သဘောထားကောင်း၍ ရိုးသားဖြောင့်မတ် သောသူဖြစ်သည်။ အမျိုးသားများနှင့် ပေါင်းသင်းခြင်းမရှိခဲ့ပေ။ သို့သော် ထိုအမျိုးသမီးမှာ ကိုယ်ဝန်ရှိလာခဲ့ပြီး လူစွမ်း ကောင်း သားယောကျ်ားလေးတစ်ဦးကို ဖွားမြင်လာခဲ့ပါသည်။ ထိုကလေး၏ အမည်ကို "ကောင်မအီး" ဟုခေါ်ကြပါသည်။

၁၆၀၀ခုနှစ်မှ ၁၇၀၀ခုနှစ်အထိတွင် အိမ်ခြေပေါင်း(၃၀၀)ကျော် ရှိခဲ့ပါသည်။ အိမ်ခြေတိုးလာသော ကြောင့် လူဦးရေမှာလည်း တိုးလာပြီး တစ်ဦးကိုတစ်ဦး ချစ်ချစ်ခင်ခင်နှင့် နေထိုင်ခဲ့ကြပါသည်။ သို့သော် ပညာရေးတွင် သော်လည်းကောင်း၊ ကျန်းမာရေးတွင်သော်လည်းကောင်း အားနည်းပြီး အသိတရားလည်း မရှိခဲ့ပေ။ ထိုအချိန်တွင် မမျှော်လင့်ပဲ ဝမ်းရောဂါကျရောက်ကာ အချင်းချင်းကူးစက်ပြီး လူပေါင်းများစွာ သေဆုံးကြလေသည်။ အချို့မှာ အခြား ကျေးရွာ/နေရာသို့ ပြောင်းရွှေ့ကာ နေထိုင်ခဲ့ကြပါသည်။

၁၈၅၀ခုနှစ်တွင် စီစန်းခိုကျေးရွာတွင် အိမ်ခြေ(၅)လုံးသာ ကျန်ရှိခဲ့ပါသည်။ ထိုအချိန်တွင် ကျေးရွာရှိ ရွာသူ/သားများသည် မီးရိုးဖလာအတိုင်း တံခွန်တိုင်ကို ယုံကြည်ကိုးကွယ်ခဲ့ကြပါသည်။ ၁၉၃၉ခုနှစ်တွင် နှစ်ခြင်း ခရစ်ယာန်ဘာသာကို ယုံကြည်ကိုးကွယ်ခဲ့ကြပါသည်။

ယခုချိန်တွင် စီစန်းခိုကျေးရွာသည် အိမ်ခြေ(၄၁)လုံးရှိပြီး လူဦးရေမှာ အမျိုးသား(၁၁၅)ဦး၊ အမျိုးသမီး(၁၂၅)ဦး၊ စုစုပေါင်း(၂၄၀)ဦးရှိပါသည်။ အမျိုးသမီးအိမ်ထောင်ဦးစီးမှာ(၃)အိမ်နှင့် အမျိုးသား အိမ်ထောင်ဦးစီးမှာ(၃၈)အိမ် ရှိပါသည်။ လူမျိုးမှာ ကယန်းလူမျိုးဖြစ်ကြပြီး ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြပါသည်။ အသက်မွေးဝမ်းကြောင်း လုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေး ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူများ - ကျား (၃)ဦး၊ မ(၂)ဦး၊ စုစုပေါင်း(၅)ဦး။

# စိစန်းခိုကျေးရွာ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း

ဥစ္စာဓနကြွယ်ဝမှု အဆင့် သတ်မှတ်ခြင်း

ကျေးရွာ-စိစန်းခို
ဥပစု - ဖြဲ

ရက်စွဲ - ၂၆.၁၂.၂၀၁၆
ပါဝင်သူ- ကျား (၁၈)ဦး
မ (၁၀)ဦး

| အဆင့် | သတ်မှတ်ချက်များ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| A | တိုက် ၂ လုံးပိုင် ၊ ဆက် ၂ စီးအထက် ၊ နွား ၃၀ ကောင်အထက် ၊ လယ် ၁၀ ဧက အထက် ၊ ယာ ၁၀ ဧက ၊ ဆက် ၂ ကောင်အထက် ၊ ဆိုင်ကယ် ၂ စီး အထက် ၊ ၁၅ လ အထက် ဝမ်းစာ ဖူလုံသူ ။ | ၄ | ၈.၅% |
| B | ပျဉ်ထောင် အိမ် ၊ ဆက် ၁ စီး ၊ နွား ၅ ကောင်ထက် ၊ လယ် ၅-၁၀ ဧက ၊ ယာ ၅ ဧက ၊ ဆက် ၁ ကောင် ၊ ဆိုင်ကယ် ၁ စီး ၊ ဝမ်းစာ ၁၂လ အထက် ဖူလုံသူ | ၁၀ | ၂၁.၃% |
| C | သက်ကယ် အိမ် ၊ နွား ၁ ကောင် ၊ လယ် ၂ ဧက အောက် ၊ ယာ ၂ ဧက အောက် ၊ ဝမ်းစာ ၆ လအောက် ဖူလုံသူ ၊ ဆိုင်ကယ် ၁ စီး | ၂၄ | ၅၁.၀ % |
| D | ဝါးထရံ အိမ် ၊ အိမ်ခြံ ၁ ဧက ၊ ဝမ်းစာ ဖူလုံမှု ၂ လအောက် | ၉ | ၁၉.၁ % |

## စီစန်းခိုကျေးရွာ၊ မြလဲအုပ်စု

ရက်စွဲ - ၂၆ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ခုနှစ်

**ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်**


စီစန်းခိုကျေးရွာတွင် အိမ်ခြေ(၄၁)လုံး ရှိသည့်အနက် အဆင့်(A)တွင် အိမ်ထောင်စု(၃)စု၊ အဆင့်(B)တွင် အိမ်ထောင်စု(၁၀)စု၊ အဆင့်(C)တွင် အိမ်ထောင်စု(၂၃)စု၊ အဆင့်(D)တွင် အိမ်ထောင်စု(၅)စု ရှိပါသည်။

အဆင့်(A) အိမ်ထောင်စုများ၏ ပိုင်ဆိုင်မှုများမှာ တိုက်(၂)ထပ်၊ စက်(၂)စီးအထက်၊ နွား(၁၀)ကောင်အထက်၊ လယ်(၈)ဧကအလက်၊ ယာ(၈)ဧက၊ ဝက်(၂)ကောင်အထက်၊ ဆိုင်ကယ်(၂)စီးအထက်၊ (၁၂)လအထက် ဝမ်းစာဖူလုံသူ ဖြစ်ပါသည်။ အဆင့်(B)တွင် အိမ်ထောင်စုများ၏ ပိုင်ဆိုင်မှုများမှာ ပျဉ်ထောင်အိမ်၊ စက်(၁)စီး၊ နွား(၅)ကောင်အထက်၊ လယ်(၄-၈)ဧက၊ ယာ(၈)ဧက၊ ဝက်(၁)ကောင်၊ ဆိုင်ကယ်(၁)စီး၊ (၆)လအထက် ဝမ်းစာဖူလုံသူ တို့ဖြစ်သည်။ အဆင့်(C)တွင် အိမ်ထောင်စုများ၏ ပိုင်ဆိုင်မှုများမှာ သစ်ထရံအိမ်၊ ဆိုင်ကယ်(၁)စီး၊ နွား(၁)ကောင်၊ လယ်(၂)ဧကအောက်၊ ယာ(၂)ဧကအောက်၊ (၅)လအောက်ဝမ်းစာဖူလုံသူ တို့ဖြစ်သည်။ အဆင့်(D)တွင် အိမ်ထောင်စုများ၏ ပိုင်ဆိုင်မှုများမှာ ဝါးထရံအိမ်၊ အိမ်ဝိုင်းခြံ(၁)ဧက၊ (၂)လအောက်ဝမ်းစာဖူလုံသူ တို့ဖြစ်သည်။ အဆင့်(A) အိမ်ထောင်စုမှာ(၇.၃%)၊ အဆင့်(B) အိမ်ထောင်စုမှာ(၂၄.၃%)၊ အဆင့်(C) အိမ်ထောင်စုမှာ(၅၆.၁%)၊ အဆင့်(D) အိမ်ထောင်စုမှာ (၁၂.၃%) တို့ဖြစ်ပါသည်။

စီစန်းခိုကျေးရွာတွင် အဆင့်(A)တွင်ရှိသော အိမ်ထောင်စုမှာ နည်းပါးသောကြောင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးမှာ နှေးကွေးမှုရှိပါသည်။

ပါဝင်ဆွေးနွေးသူများ - ကျား(၁၅)ဦး၊ မ(၁၀)ဦး၊ စုစုပေါင်း(၂၅)ဦး။

# စီစန်းခိုကျေးရွာ ကျား/ မ ဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်ခြင်း



စီစန်းခိုကျေးရွာ၊ မြလဲအုပ်စု

ရက်စွဲ - ၂၆ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ခုနှစ်


**ပင့်ကူအိမ်သုံးသပ်ချက်**

စီစန်းခိုကျေးရွာ ပင့်ကူအိမ်သုံးသပ်ခြင်းတွင် အချက်(၉)ချက်ရှိပါသည်။ ၎င်းတို့မှာ ပညာသင်ကြားခွင့်၊ အလုပ်အကိုင်အခွင့်အလမ်း၊ ဝင်ငွေရရှိမှု၊ ဦးဆောင်ပိုင်ခွင့်၊ အိမ်မှုကိစ္စ၊ အမွေရပိုင်ခွင့်၊ လုံခြုံမှု၊ ဆုံးဖြတ်ပိုင်ခွင့်၊ ပညာရေးအဆင့်အတန်း တို့ဖြစ်သည်။

ပညာသင်ကြားခွင့်တွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေးမရရှိပေ။ ပညာရေးတွင် အမျိုးသားများကိုသာ ဦးစားပေးသည်ကို တွေ့ရပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများ တွင်သာ အချိန်ကုန်နေသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိမှုနည်းပါးခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အိမ်မှုကိစ္စလုပ်ငန်းများသည် ဝင်ငွေမရရှိပေ။ အမျိုးသမီးများသည် အိမ်ပြင်အလုပ်နှင့် အိမ်တွင်အလုပ်များကို လုပ်ကိုင်ရပါသည်။ အမျိုးသားများသည် စားဝတ်နေရေးအတွက် ဝင်ငွေရှာခြင်းကြောင့် အိမ်မှုကိစ္စများတွင် မကူနိုင်ပေ။ အချို့သော အိိမ်ထောင်စုသာလျှင် ကူညီကြသည်။ ဦးဆောင်ပိုင်ခွင့်တွင် အမျိုးသမီးများ၏ ဦးဆောင်မှုမှာ အားနည်းနေပါသည်။ ရှေးအစဉ်အလာအရ အမျိုးသားများသာ ဦးဆောင်၍ အမျိုးသမီးများမှာ နောက်လိုက်သာ ဖြစ်ခဲ့ရသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသမီးများသည် ရှေ့ထွက်ပြီး စကားပြောဆိုရန် ခက်ခဲခြင်း၊ မိမိကိုယ်ကိုယ်ယုံကြည်မှု အားနည်းခြင်းဖြစ်သည်။ အမွေရပိုင်ခွင့်တွင် ရှေးအစဉ်အလာအရ အမျိုးသားများသာ အမွေကို ရရှိကြပါသည်။ အမွေရရှိသော အမျိုးသမီးများမှာ အလွန်နည်းပါးလှပါသည်။ ကျေးရွာတွင်း/ပြင် သွားလာရေးတွင် အမျိုးသမီးများအတွက် လုံခြုံမှုမှာ အားနည်းပါသည်။ ထို့ကြောင့် ညဘက်တွင် အမျိုးသမီးတစ်ဦးတည်း အပြင်မထွက်ရဲပေ။ ဆုံးဖြတ်ပိုင်ခွင့်တွင် အများအားဖြင့် အမျိုးသားများသာ ဆုံးဖြတ်ချက်ချလေ့ရှိသည်။ အမျိုးသမီးများသည် မိမိကိုယ်ကိုယ်ယုံကြည်မှု မရှိခြင်း၊ မပြောမဆိုရဲခြင်းကြောင့် ဆုံးဖြတ်ချက်ချရာတွင်ပါဝင်မှု အားနည်းနေပါသည်။ ပညာရေး အဆင့် အတန်းတွင် အမျိုးသမီးများသည် မိသားစု၏ စားဝတ်နေရေးကြောင့် ပညာကို ဆုံးခန်းတိုင်အောင် သင်ကြား နိုင်ရန် ခက်ခဲပါသည်။ ထို့ကြောင့် ရရှိလာသော အခွင့်အရေးကို လက်လွတ်မခံဘဲ ဖွဲ့၊ လုံ့လ၊ ဝီရိယနှင့််ကြိုးစား အားထုတ်သောကြောင့် အမျိုးသားများထက် သာခဲ့ရပါသည်။

ပါဝင်ဆွေးနွေးသူများ - ကျား(၁၅)ဦး၊ မ(၁၀)ဦး၊ စုစုပေါင်း(၂၅)ဦး။

စီစန်းခိုကျေးရွာ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှု ဖော်ထုတ်ခြင်း



## စီစန်းခိုကျေးရွာ၊ မြလဲအုပ်စု

ရက်စွဲ - ၂၆ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ခုနှစ်

**ဗင်းပုံစံ(အဖွဲ့အစည်းချိတ်ဆက်မှု)သုံးသပ်ချက်**


စီစန်းခိုကျေးရွာတွင် အဖွဲ့အစည်း(၁၆)ဖွဲ့ ရှိပါသည်။ ၄င်းတို့မှာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အုပ်စုအုပ်ချုပ်ရေးမှူးအဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့၊ ပညာရေးကော်မတီ၊ မူကြိုကော်မတီ၊ အသင်းတော်ကော်မတီ၊ လူငယ်ဌါန၊ အမျိုးသားဌါန၊ အမျိုးသမီးဌါန၊ ဓမ္မပညာဌါန၊ ဖွံ့ဖြိုးရေးကော်မတီ၊ လူငယ်လူမှုရေး၊ စပါးဘဏ်ကော်မတီ၊ လူထုဗဟိုပြုကော်မတီ၊ ဘာသာရေးအုပ်စု၊ ဘာသာရေးဌါနချုပ် တို့ဖြစ်ပါသည်။

အုပ်ချုပ်ရေးမှူးအဖွဲ့များသည် ကျေးရွာပြသနာများဖြေရှင်းပေးခြင်းနှင့် ကျေးရွာ၏ သာရေး၊ နာရေး၊ ဖွံ့ဖြိုးရေးကိစ္စများတွင် ဦးဆောင်သောအဖွဲ့များဖြစ်ပါသည်။ ကျေးရွာသူ/သားများ စည်းလုံးညီညွတ်မှုရှိအောင် စည်းရုံးကူညီခြင်းဖြစ်သည်။ အသင်းတော်ကော်မတီ၊ လူငယ်ဌါန၊ အမျိုးသားဌါန၊ အမျိုးသမီးဌါန၊ ဓမ္မပညာဌါန၊ လူငယ်လူမှုရေး၊ ဘာသာရေးအုပ်စု၊ ဘာသာရေးဌါနချုပ် အဖွဲ့တို့သည် ဘာသာရေးအဖွဲ့များ ဖြစ်ကြပါသည်။ အမျိုးသမီးဌါန၊ အမျိုးသားဌါန၊ လူငယ်အဖွဲ့တို့သည် ကျေးရွာ၏ သာရေး၊ နာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တက်ကြွစွာ ပါဝင်မှု ရှိပါသည်။ ဓမ္မပညာဌါနသည် ကလေးသူငယ်များ လိမ္မာရေးခြားရှိရန်၊ ဘုရားတရားရှိရန် သင်ကြားပေးသော အဖွဲ့ဖြစ်သည်။ ကလေးသူငယ်များသည် အနာဂတ်ခေါင်းဆောင်များ ဖြစ်သည့် အားလျော် စွာ ကျေးရွာလူထုအတွက် အရေးကြီးသော အဖွဲ့ဖြစ်ပါသည်။ ပညာရေးကော်မတီနှင့် မူကြိုကော်မတီ တို့သည့် ကလေးများ၏ ပညာရေးအတွက် ပါဝင်ဆောင်ရွက်သော အဖွဲ့များ ဖြစ်ကြသည်။ စပါးဘဏ်ကော်မတီသည် ACF အဖွဲ့မှ လာရောက် ဖွဲ့စည်းပေးသောအဖွဲ့ ဖြစ်ပါသည်။ ထိုအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ပါဝင်ကူညီဆောင်ရွက်လျှက်ရှိပါသည်။ လူထုဗဟိုပြုကော်မတီသည် ကျေးရွာ၏ လိုအပ်ချက်များ ဖြစ်သော အဆောက်အဦး၊ လမ်း၊ တံတားစသည်တို့ကို ကျေးရွာလူထုကိုယ်တိုင် မိမိတို့၏ အဓိက လိုအပ်ချက်များကို ဖော်ထုတ်ခြင်း၊ ကိုယ်တိုင် အကောင်အထည်ဖော်ခြင်းနှင့် ကိုယ်တိုင်ပြုပြင်ထိန်းသိမ်းစေသော ဖွံ့ဖြိုးရေးအဖွဲ့ ဖြစ်ပါသည်။

စီစန်းခို ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် ကျေးရွာပြင်ရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်မှုရှိပြီး ကျေးရွာလူထုအတွက် အရေးပါပါသည်။

ပါဝင်ဆွေးနွေးသူများ - ကျား(၁၅)ဦး၊ မ(၁၀)ဦး၊ စုစုပေါင်း(၂၅)ဦး။

## စိစန်းခိုကျေးရွာ ရာသီခွင်ပြဖယားများကိုဖော်ထုတ်ခြင်း



## စီစန်းခိုကျေးရွာ၊ မြလဲအုပ်စု

ရက်စွဲ - ၂၆ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ခုနှစ်

### ရာသီခွင်ပြပြက္ခဒိန်သုံးသပ်ချက်

စီစန်းခိုကျေးရွာ၏ အဓိက စီးပွားရေးနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ လယ်ယာ လုပ်ငန်း လုပ်ကိုင်ခြင်း ဖြစ်သည်။ အိမ်ထောင်စု(၃၆)အိမ်မှာ လယ်ယာလုပ်ငန်းနှင့် ခြံစိုက်ပျိုးခြင်းများ လုပ်ကိုင် ကြပါသည်။ အိမ်ထောင်စု(၅)အိမ်မှာ လယ်ယာမဲ့ လက်လုပ်လက်စား များ ဖြစ်ကြပါသည်။

စီစန်းခိုကျေးရွာတွင် ဒီဇင်ဘာလတွင် ကြက်သွန်စိုက်ပျိုးပြီး မတ်လတွင် ကြက်သွန်နုတ်ပါသည်။ ဧပြီလနှင့် မေလတို့တွင် ပဲတီစိမ်းနှင့် ပြောင်းဖူးကိုစိုက်ပျိုးပြီး ဇူလိုင်လနှင့် ဩဂုတ်လတွင် ရိတ်သိမ်းပါသည်။ စက်တင်ဘာလနှင့် အောက်တိုဘာလတွင် ပြောင်းဖူးချိုးပါသည်။ ဇွန်လတွင် နှမ်းကြဲခြင်းနှင့် ကြံပက်ခြင်း ပြုလုပ်ပြီး အောက်တိုဘာလတွင် နှမ်းရိတ်သိမ်းပါသည်။ ဇူလိုင်လတွင် စပါးစိုက်ပျိုးပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် စပါးရိတ်သိမ်းပါသည်။ ပွဲလမ်းသဘင်ကျင်းပချိန်သည် ဒီဇင်ဘာတွင် ခရစ္စမတ်ပွဲ၊ ဇန်နဝါရီလတွင် နှစ်သစ်ကူးပွဲ၊ မတ်လတွင် ဘာသာရေးနယ် အစည်းအဝေးပွဲကြီးနှင့် ဧပြီလတွင် အသင်းတော်နေ့ စသည်တို့ဖြစ်သည်။ ရာသီဥတုအခြေအနေမှာ ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိတွင် အေးမြပြီး မြူနှင်းများ ကျရောက်သောအချိန်ဖြစ်သည်။ မတ်လ၊ ဧပြီလတွင် အလွန်ပူပြင်းပြီး လေပြင်းမုန်တိုင်း တိုက်ခိုက်လေ့ရှိပါသည်။ ဧပြီလတွင် သက်ြန်မိုးနှင့် မေလတွင် မိုးအနည်းငယ် ရွာသွန်းပါသည်။ ဇွန်လမှ စက်တင်ဘာလအထိတွင် တိမ်ထူထပ်ပြီး မိုးများသောအချိန်ဖြစ်သည်။ အောက်တိုဘာနှင့် နိုဝင်ဘာလတွင် အေးပြီး မိုးအနည်းငယ် ရွာသွန်းနိုင်ပါသည်။ ဝင်ငွေရှိသောအချိန်သည် ဇွန်၊ ဇူလိုင်နှင့် ဒီဇင်ဘာလတို့ဖြစ်သည်။ ထိုအချိန်တွင် ခြံထွက်သီးနှံ၊ စပါး ရောင်းချခြင်းကြောင့်ဖြစ်သည်။ ရွာတွင်းလမ်းမှာ မြေသားလမ်း ဖြစ်သော ကြောင့် မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ ဇွန်လမှ ဩဂုတ်လအထိဖြစ်သည်။ ကျေးရွာရှိ ရွာသူ/သား များ၏ အားလပ်ချိန်သည် ဇန်နဝါရီလမှ မတ်လ အထိဖြစ်ပါသည်။ ကျေးရွာလူထုများသည် တွင်းရေကို အဓိက အသုံးပြုပါသည်။ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် စတင်ကာ ရေရှားလာပြီး မတ်လ၊ ဧပြီလ၊ မေလတို့တွင် ရေအရှားပါးဆုံး အချိန်ဖြစ်ပါသည်။ ရာသီပြောင်းလဲကာလဖြစ်သော နိုင်ဝင်ဘာလ၊ ဒီဇင်ဘာလ၊ ဇန်နဝါရီလ၊ ဧပြီလ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် ကျန်းမာရေးမကောင်းသည့်အချိန်ဖြစ်ပါသည်။ ထိုအချိန်တွင် နှာစေး၊ ချောင်းဆိုးခြင်းနှင့် ဝမ်းပျက်ဝမ်းလျှော ဖြစ်ကြပါသည်။ ဝမ်းပျက်ဝမ်းလျှောသည် (၅)နှစ်အောက် ကလေးငယ်များ အဖြစ်များဆုံးဖြစ်သည်။

ပါဝင်ဆွေးနွေးသူများ - ကျား(၁၅)ဦး၊ မ(၁၀)ဦး၊ စုစုပေါင်း(၂၅)ဦး။

## စီစန်းခိုကျေးရွာ ကော်မတီဂင်များဓာတ်ပုံ



## ကျေးရွာ ကော်မတီများ စာရင်း

ကျေးရွာ- ဒီစင်းနို

ကျေးရွာ အုပ်စု - ဖလယ်

| စဉ် | ကော်မတီအမည် | အမည် | အသက် | ရာထူး | မှတ်ပုံတင်နံပါတ် | ဖုန်း | လက်မှတ် |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာဦးဆောင် | စောအားကီထူး | ၂၅ | ဥက္ကဋ္ဌ | ၂/ဒမဆ(နိုင်)၀၅၃၃၅၄ | 09-480153289 | [signature] |
| ၂။ | 〃 | ဒေါ်ဘေးလေးမြိုင် | ၄၀ | ဥက္ကဋ္ဌ | ၂/လကန(နိုင်)၀၅၄၄၆၈၂ | 09-755873899 | [signature] |
| ၃။ | ဝယ်ယူရေးဘဏ်ကော်မတီ | ဦးစိန်းနေဝိုး | ၃၁ | ဥက္ကဋ္ဌ(ခေါင်းဆောင်) | ၂/ဒမဆ(နိုင်)၀၃၃၀၈၃ | | [signature] |
| ၄။ | 〃 | စောကျော်နေမူး | ၂၃ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၅၃၃၄၈ | 09-459387061 | [signature] |
| ၅။ | 〃 | နော်ယူမေးဖော | ၁၈ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၇၅၇၅၇ | 09-776988611 | [signature] |
| ၆။ | စောင့်ကြည့်ကြီးကြပ်ရေး | နော်ဝေးဘလူမှူး | ၂၆ | ဥက္ကဋ္ဌ(ခေါင်းဆောင်) | ၂/ဒမဆ(နိုင်)၀၃၈၄၆၀ | 09-785237994 | [signature] |
| ၇။ | 〃 | နော်မိတ်ကားဟော | ၁၈ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၆၆၆၄၅ | 09-785238170 | [signature] |
| ၈။ | 〃 | စောအောင်ရဲကျော် | ၂၂ | အဖွဲ့ဝင် | | 09-776528766 | [signature] |
| ၉။ | သုံးဖော်ရေးနှင့်ပြုပြင်ထိန်းသိမ်း | ဦးဖေအားကျော် | ၄၀ | ဥက္ကဋ္ဌ(ခေါင်းဆောင်) | ၂/ဒမဆ(နိုင်)၀၀၂၁၂၂ | 09-779596951 | [signature] |
| ၁၀။ | 〃 | ဒေါ်သွဲ့ထူး | ၄၆ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၀၇၀၇၇ | | [signature] |
| ၁၁။ | 〃 | ဒေါ်တာဂေ | ၃၇ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၃၄၃၅၇ | 09782594947 | [signature] |
| ၁၂။ | ကျေးရွာစာရင်းကိုင် | ဦးလှမေထူး | ၃၀ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၃၇၆၅၂ | 09778802250 | [signature] |
| ၁၃။ | ဝေမျှအကြံပြုဆိုင်ရာ ... | ဦးစောဘာလိုထူး | ၃၃ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၃၈၆၅၇ | | [signature] |
| ၁၄။ | 〃 | ဒေါ်ဘူးမြာ | ၃၇ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၂၅၄၅၆ | | [signature] |
| ၁၅။ | ကျေးရွာစေတနာ့ဝန်ထမ်း | ဦးစောနေမျိုးအောင် | ၂၆ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၇၃၃၅၆ | 09456218672 | [signature] |
| ၁၆။ | 〃 | နော်စိန်းစိန်းအေး | ၂၃ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၅၃၃၆၄ | 09-799817142 | [signature] |
| | | | | | | | |
| | | | | | | | |

## ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ





## ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ





လူထုစဖုံပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

16.1.2017

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စဉ်း သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရယူ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးစောဂျပ်ထူး | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်စောသန်လာ |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဖူဟ | ကျေးရွာ စိုဝ်နံ့ခုံ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | ၄၁ | ဘာသာ (၁) ခရစ်ယာန် | ၄၁ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၉ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကယန်း | ၁၁၅ | ၁၂၅ |
| လူမျိုးစု (၂) ------------ | | |
| လူမျိုးစု (၃) ------------ | | |
| လူမျိုးစု (၄) ------------ | | |
| လူမျိုးစု (၅) ------------ | | |
| အိမ်ထောင်ဦးစီး | ၃၈ | ၃ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| **ကျောက်ကြမ်းလမ်း** | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုပဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — **(ရှိပါသည်)**/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၁၀ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — **(ပြုခဲ့ပါသည်)**/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ပဟိုမှ ၎င်းကျေးရွာအုပ်စု၏ပဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် ၁.၄ ဖာလုံ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုပဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် မိနစ် ၂၀ ထော်လာဂျီ/**(မော်တော်ဆိုင်ကယ်)**/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား -----

မိုးရာသီတွင်ကြာချိန် မိနစ် ၃၀ ထော်လာဂျီ/**(မော်တော်ဆိုင်ကယ်)**/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား -----

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဓလေ့အန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible]

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုပဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

(၂) -----

ကျေးရွာခေါင်းဆောင် — အမည် [illegible]

လက်မှတ် [signature] နေ့စွဲ ၂၆ ၊ ၁၂ . ၂၀၁၆

လူထုစည်းရုံးရေးမှူး — အမည် [illegible]

လက်မှတ် [signature] နေ့စွဲ ၂၆ ၊ ၁၂ . ၂၀၁၆

16.1.2017

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်စိတယ်လှာ + ဒေါ်ကြူယဲမော | | | |
| နေ့စွဲ ၂၆.၁၂.၂၀၁၆ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☒စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု မဲယဲ | ကျေးရွာ မိုစန်းဦ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၆.၁၂.၂၀၁၆ | ၂၆.၁၂.၂၀၁၆ | ၁၅ | ၁၀ | ၂၅ | ၂၅ \| ကယန်း |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၆.၁၂.၂၀၁၆ | ၂၆.၁၂.၂၀၁၆ | ၁၅ | ၁၀ | ၂၅ | ၂၅ \| ကယန်း |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၀.၁.၂၀၁၇ | ၁၀.၁.၂၀၁၇ | ၁၇ | ၁၉ | ၃၆ | ၃၆ \| ကယန်း |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂၅.၁.၂၀၁၇ | ၂၅.၁.၂၀၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | \| |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

16.1.2017

# ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်စောယ်လာ + ဒေါ်ကဗေယ်မော | | | |
| နေ့စွဲ ၂၉ ၊ ၁၂ ၊ ၂၀၁၆ | | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐စက်ဝန်း(၁) ☒စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဖြူ | ကျေးရွာ ဒီခုန်းဒို |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရေဝတ်နေရေး အခက်အခဲ | ၁ | ရေဝတ်ရေရေး အခက်အခဲ |
| ၂ | လမ်းပမ်း ဆက်သွယ်ရေး အခက်အခဲ | ၂ | လမ်းပမ်းဆက်သွယ်ရေး အခက်အခဲ |
| ၃ | မီးမရသော အခက်အခဲ | ၃ | မီးမရှိ သည့်အခက်အခဲ |
| ၄ | ရောဂါပါး အခက်အခဲ | ၄ | ရောဂါပါးသော အခက်အခဲ |
| ၅ | ကျန်းမာရေး အခက်အခဲ | ၅ | ရာသီဥတု [illegible] အခက်အခဲ |

၆. ပညာရေး အခက်အခဲ

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ပညာရေး၊ ကျန်းမာရေး တိုးတက် လာရန် | ၁ | စံပြကျေးရွာ ဖြစ်ချင် |
| ၂ | ရွာလယ် ကျောက်ချောလမ်း ဖြစ်လာစေရန် | ၂ | ပညာတတ် များတိုးပွား လာမည် |
| ၃ | လျှပ်စစ်မီး အလင်းရောင် လုံလောက်ရန် | ၃ | ရေ မှန် ရွာ ရရှိစေရန် |
| ၄ | ပညာတတ်များ၊ တိုးတက်များပြား စေချင် | ၄ | ကျေးရွာဖွံ့ဖြိုး တိုးတက်စေရန် |
| ၅ | စံပြကျေးရွာ ဖြစ်ချင် | ၅ | လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်လာမည် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ ခါတော - ၆ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | မူကြိုကျောင်း (၂၇'x၁၆'x၁၀') | အမျိုးသား + အမျိုးသမီး | | |
| ၂ | ကျောက်ချောလမ်း (ရွာလယ်) (၄၄၀') | အမျိုးသား + အမျိုးသမီး | | |
| ၃ | ဝန်ထမ်း အိမ်ယာ | အမျိုးသား + အမျိုးသမီး | | |
| ၄ | အဝီစိတွင်း | အမျိုးသား + အမျိုးသမီး | | |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | လျှပ်စစ်မီး ရရှိရေး | အမျိုးသား +အမျိုးသမီး | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး အောင်ဝင်း ---------------- လက်မှတ် [signature] ---------------- နေ့စွဲ ၂၆-၁၂-၂၀၁၆

ဒေါ်လေးလေးမြိုင် [signature]

မြလဲဘုတ်ရွာ၊ ဗိုလ်စဉ်

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | မူကြိုကျောင်း | ☑ မ<br>☑ ကျား | | |
| | ၂ | ဝန်ထမ်းအိမ်ယာ | ☑ မ<br>☑ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | ကျောက်ချောင်းလယ်း | ☑ မ<br>☑ ကျား | | |
| | ၂ | ဘိုဝိစီတွင်း | ☑ မ<br>☑ ကျား | | |
| | ၃ | ရှမ်းတစ်ပိုး | ☑ မ<br>☑ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

## ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်၊ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | ဒေါ်ကလယ်ဖော၊ ဦးကျော်စိုးမြင့်သာ၊ ဒေါ်ခိုဖာယ်ဖော |
| နေ့စွဲ ၁၀.၁.၂၀၁၆ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား ; မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဖြူပဲ |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | |
| ဆီးမှုကုန်း | မူကြိုကျောင်း တည်ဆောက်ခြင်း | ၂၀'x၃၀'x၁၂' | ၁၉ | ☐ ကျား ☐ မ ☑ ကျား+မ | ၆,၀၀၀,၀၀၀ | | | | ၆,၀၀၀,၀၀၀ |
| ဖော်ရိုသာ | မူကြိုကျောင်း တည်ဆောက်ခြင်း | ၁၄'x၃၀'x၁၂' | ၁၇ | ☐ ကျား ☐ မ ☑ ကျား+မ | ၆,၀၀၀,၀၀၀ | | | | ၆,၀၀၀,၀၀၀ |
| ဒီးယယ်ကုန်း | ဘက်စုံသုံး ခန်းမဆောင် | ၂၆'x၃၄'x၁၂' | ၁၃၀ | ☐ ကျား ☐ မ ☑ ကျား+မ | ၄,၀၀၀,၀၀၀ | | | | ၄,၀၀၀,၀၀၀ |
| ဝါလေဟာရီရွာ မောင်း | ခန်းမဆောင် ဆိုးမွမ်းခြင်း | ၃၀'x၆၀'x၁၂' | ၁၅၈ | ☐ ကျား ☐ မ ☑ ကျား+မ | ၇,၈၀၀,၀၀၀ | ၁,၀၀၀,၀၀၀ | | | ၇,၈၀၀,၀၀၀ |
| | | | | ☐ ကျား ☐ မ ☐ ကျား+မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ    အမည်    လက်မှတ်    ရက်စွဲ

ဦးတိုးရီ    ၁၀.၁.၂၀၁၇

ဒေါ်လေးလေးမြိုင်    ၁၀.၁.၂၀၁၇

# ပထမအကြိမ် ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| အစည်းအဝေးကျင်းပသည့် ကျေးရွာနှင့် အုပ်စု | - စီစန်းခိုကျေးရွာ၊ မြလဲအုပ်စု |
| အစည်းအဝေးကျင်းပသည့် နေရာ | - စီစန်းခို၊ အသင်းတော်အိမ် |
| အစည်အဝေးကျင်းပသည့် အချိန် | - နံနက်(၀၉း၃၀)မှ မွန်းလွဲ(၀၁း၀၀)နာရီထိ |
| အစည်းအဝေးကျင်းပသည့် ရက်စွဲ | - ၂၆. ၁၂. ၂၀၁၆ (တနင်္လာနေ) |
| အစည်းအဝေးတက်ရောက်သူဦးရေ | - ကျား(၁၅)ဦး၊ မ(၁၀)ဦး၊ စုစုပေါင်း(၂၅)ဦး။ |
| ဦးဆောင်ဆွေးနွေးသူများ | - ဒေါ်ကဇယ်ဖေါ (လက်ထောက်နည်းပညာမှူး)နှင့် |
| | ဒေါ်စတယ်လာ (လူထုစည်းရုံးရေးမှူး) |

ပထမအကြိမ်ကျေးရွာ အစည်းအဝေးမစတင်မီချိန်တွင် တက်ရောက်သူ မှတ်တမ်းကောက်ယူခြင်း ပြုလုပ်ပါသည်။ အစည်းအဝေးစတင်ရာတွင် ကျေးရွာကော်မတီဝင်တစ်ဦးမှ အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက်တွင် လူထု စည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးများမှ လူထုဗဟိုပြု စီမံကိန်းအကြောင်း မိတ်ဆက်ခြင်း၊ စီမံကိန်းစက်ဝန်း အကြောင်းရှင်းပြခြင်း၊ စီမံကိန်းတွင် အဓိက ပါဝင်သူများနှင့် တာဝန်များ အကြောင်းရှင်းပြခြင်း ပြုလုပ်ပါသည်။ ဆက်လက်ပြီး စေတနာ့ဝန်ထမ်း၏ တာဝန်/ဝတ္တရားများ ရှင်းပြပြီး ကျေးရွာ စေတနာ့ဝန်ထမ်း ကျား(၁)ဦး၊ မ(၁)ဦးအား ပြန်လည် ရွေးချယ်ခြင်း(သို့) ပြန်လည်အတည်ပြုခြင်း ပြုလုပ်ပါသည်။

ထို့နောက်တွင် လူမှုဆန်းစစ်ခြင်း အခန်းကဏ္ဍကို ဆက်လက်ဆွေးနွေးကြပါသည်။ လူမှုဆန်းစစ်ခြင်းတွင် လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ခြင်း၊ ဥစ္စာခနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း၊ ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ခြင်း၊ ကျား-မရေးရာ အရင်းအမြစ်သုံးစွဲမှုနှင့်ထိန်းချုပ်မှုသုံးသပ်ခြင်း၊ ပင့်ကူအိမ်သုံးသပ်ခြင်းနှင့် ဗင်းပုံစံ(အဖွဲ့အစည်းချိတ်ဆက်မှု) စသည့် အကြောင်းအရာများကို ဆွေးနွေးကြပါသည်။ လူမှုဆန်းစစ်မှုပြုလုပ်ပြီးနောက် ကျေးရွာလူထုမှ ပြန်လည်ဆန်းစစ်မှုပြုလုပ်ပြီး ပထမအကြိမ် ကျေးရွာ အစည်းအဝေး ကို ရုတ်သိမ်းပါသည်။

အစည်းအဝေးမှတ်တမ်းတင်သူ

## ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| အစည်းအဝေးကျင်းပသည့် ကျေးရွာနှင့် အုပ်စု | - စီစန်းခိုကျေးရွာ၊ မြလဲအုပ်စု |
| အစည်းအဝေးကျင်းပသည့် နေရာ | - စီစန်းခို၊ အသင်းတော်အိမ် |
| အစည်အဝေးကျင်းပသည့် အချိန် | - ည(၀၂း၀၀)မှ ည(၀၅း၀၀)နာရီထိ |
| အစည်းအဝေးကျင်းပသည့် ရက်စွဲ | - ၂၆. ၁၂. ၂၀၁၆ (တနင်္လာနေ့) |
| အစည်းအဝေးတက်ရောက်သူဦးရေ | - ကျား(၁၅)ဦး၊ မ(၁၀)ဦး၊ စုစုပေါင်း(၂၅)ဦး။ |
| ဦးဆောင်ဆွေးနွေးသူများ | - ဒေါ်ကဇယ်ဖေ (လက်ထောက်နည်းပညာမှူး)နှင့် ဒေါ်စတယ်လာ (လူထုစည်းရုံးရေးမှူး) |

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး မစတင်မီချိန်တွင် ကျေးရွာစေတနာ့ဝန်ထမ်းမှ တက်ရောက်သူစာ ရင်းမှတ်တမ်းကောက်ယူခြင်းပြုလုပ်ပါသည်။ ထို့နောက်တွင် လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးများမှ အမျိုးသားအဖွဲ့နှင့် အမျိုးသမီးအဖွဲ့ ဟူ၍ (၂)ဖွဲ့ခွဲကာ ကျေးရွာ၏ ဦးစားပေးပြဿနာ အခက်ခဲများ၊ ကျေးရွာ တွင် နောင်လာမည့် (၅)နှစ်အတွင်း မိမိတို့၏ ရည်မှန်းချက်များ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းခွဲများ စသည်ဖြင့် ဆွေးနွေးကြပါသည်။

ထို့နောက်တွင် အကျုံးဝင်သောလုပ်ငန်းနှင့် အကျုံးမဝင်သော လုပ်ငန်းများအကြောင်း ရှင်းပြပြီး ကျေးရွာ၏ ဦးစားပေးအဆင့်သတ်မှတ်ခြင်းနှင့် စီမံကိန်းလုပ်ငန်းခွဲများကို ရွေးချယ်ကြပါသည်။ ဆက်လက်ပြီး သဘာဝပတ်ဝန်းကျင် အကာအကွယ်နှင့် လူမှုအကာအကွယ်များအကြောင်းကို ရှင်းပြပါသည်။ ထို့နောက် ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများ နှင့် ရှောင်ရန်၊ ဆောင်ရန် အချက်များကို ရှင်းပြခြင်း၊ အကြံပြုတိုင်ကြားရေးစနစ်အကြောင်း ရှင်းပြပြီး စီ/ထောက်ကော်မတီ အဖွဲ့များအား ရွေးချယ် အတည်ပြုပါသည်။ ကျေးရွာစီ/ထောက်ကော်မတီအဖွဲ့များကို ရွေးချယ်ပြီး ၄၀၄ တွင်လက်မှတ်ရေးထိုး ကြပါသည်။

ထို့နောက်တွင် ကျေးရွာစီ/ထောက်ကော်မတီဝင်တစ်ဦးမှ ကျေးဇူးတင်အပိတ်အမှာစကား ပြောကြားပါ သည်။ ပထမ/ဒုတိယ အကြိမ်ကျေးရွာအစည်းအဝေး ပြီးဆုံးကြောင်း ပြောကြားကာ အစည်းအဝေးကို အောင်မြင်စွာ ရုတ်သိမ်းပါသည်။

အစည်းအဝေးမှတ်တမ်းတင်သူ

(မြှောက်)အုပ်စု

ဝီစနုံအိရွာ၊ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

**(PSA/PRA)အကျဉ်းချုပ်**

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်အုပ်စု | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | တ | မ | ပ | |
| ၁။ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ (Social map/ Resource map) | ၂၆-၁၂-၂၀၁၄ | ရပ်မိရပ်ဖ၊ ကော်မတီ၊ကျေးရွာလူထုများအားလုံး | ၁၅ | ၃၀ | ၄၅ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေးအခြေနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ရေလောင်ကန်၊ သစ်တောများ |
| ၂။ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ၂၆-၁၂-၂၀၁၄ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၁၅ | ၁၀ | ၂၅ | ကျေးရွာလူမှုစီးပွားရေးကိုအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ရန် အများလူထုသဘောတူ ထတ်မှတ်ခြင်း |
| ၃။ | ကျား/မရေးရာ ကဏ္ဍ (Assect Mapping) | ၂၆-၁၂-၂၀၁၄ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၁၅ | ၁၀ | ၂၅ | ကျေးရွာအတွင်းရှိ အရင်းအမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အဦး စသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများပြုလုပ်ခြင်း |
| ၄။ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၆-၁၂-၂၀၁၄ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၁၅ | ၁၀ | ၂၅ | အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ (လုပ်အားခ) |
| ၅။ | အဖွဲ့အစည်းချိတ်ဆက်ပုံ(Venn Diagram) | ၂၆-၁၂-၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီထောက်အဖွဲ့၊ ကျေးရွာလူထု၊ | ၁၅ | ၁၀ | ၂၅ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆။ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၂၀၁၅-၂-၀-၁၅ | ကော်မတီဝင်များ၊ အမျိုးသမီး/သား ဆင်းရဲနွမ်းပါးသူ | ၁၅ | ၁၀ | ၂၅ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ(အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုးကာလ၊ ဝင်ငွေအကောင်းဆုံးကာလ၊ ဝင်ငွေအနည်းဆုံးကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |
| ၇။ | အခက်အခဲ/ပြဿနာ (Problem) | ၂၀၁၅-၂-၀-၁၅ | အမျိုးသမီး၊ အမျိုးသား၊ လူထုအားလုံး | ၁၅ | ၁၀ | ၂၅ | ငွေကြေးအရင်းအနှီးမရှိ၊ လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး၊ ရေလုံလောက်မရှိ၊ ဖုန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စည်းလုံးခြင်းမရှိ၊ |
| ၈။ | ကျေးရွာ၏( )နှစ်စာမျှော်မှန်းချက်များ (Village Vision) | ၂၀၁၅-၂-၀-၁၅ | ကျေးရွာလူထုအားလုံး | ၁၅ | ၁၀ | ၂၅ | စီးပွားရေးပိုမိုကောင်းမွန်လာ၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေးပိုမိုကောင်းမွန်လာ၊ ကျေးရွာစည်းလုံးခြင်းပိုမိုကောင်းမွန်လာ၊ စားဝတ်နေရေးပိုမိုအဆင်ပြေလာ၊ |
| ၉။ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ (Village Approve Vision) | ၂၀၁၅-၂-၀-၁၅ | ကျေးရွာလူထုအားလုံး | ၁၅ | ၁၀ | ၂၅ | လမ်း(ကတ္တရာ)၊ မီး(လျှပ်စစ်မီး)၊ ခန်းမဆောင်၊ ရေလှောင်ကန်၊ ရေငုတ်/ပိုက်၊ စာသင်ကျောင်းတိုးချဲ့ |
| ၁၀။ | ကျေးရွာဦးစားပေးလုပ်ငန်းစဉ်များ (Village Object Vision) | ၂၀၁၅-၂-၀-၁၅ | ကျေးရွာလူထုအားလုံး | ၁၅ | ၁၀ | ၂၅ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အဆင့်သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေတွက်ချက်ခြင်း၊ အကျိုးခံစားခွင့်ရှိသူလူဦးရေ |
| ၁၁။ | ကျေးရွာသမိုင်းအကျဉ်းချုပ် (History) | ၂၀၁၅-၂-၀-၁၅ | အမျိုးသမီး၊ အမျိုးသားလူထုအားလုံး | ၁၅ | ၁၀ | ၂၅ | ကျေးရွာစတင်တည်ထောင်သည့်ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊ ဘာသာ စသောကျေးရွာသမိုင်းအချက်အလက်အဆင့်ဆင့်များကိုဖော်ထုတ်ခြင်း၊ |